စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# ဝဥ (Yams)

## ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## အမှတ်စဉ် (၀၀၁၄)

(HS-Code 071430)

Yams (Fresh, chilled, frozen or dried,whether or not sliced)















May 2020

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## PRODUCT : 071430 Yams

## (Fresh, chilled, frozen or dried,whether or not sliced)

(HS-Code 071430)

Yams (Fresh, chilled, frozen or dried,whether or not sliced)


ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်


၂၀၁၈ ခုနှစ်၌ ကမ္ဘာ့အများဆုံးတင်သွင်းသော(၁၀) နိုင်ငံ

Fig 1: Top 10 World importers in 2018

| No | Importers | Value Imported in 2018 (US$,000) | Quantity Imported in 2018(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | United States of America | 78903 | 47322 | 1667 | 45.8 |
| 2 | Canada | 23932 | 17127 | 1397 | 13.9 |
| 3 | United Kingdom | 11436 | 12819 | 892 | 6.6 |
| 4 | Taipei, Chinese | 11126 | 3240 | 3434 | 6.5 |
| 5 | Japan | 6181 | 1246 | 4961 | 3.6 |
| 6 | Singapore | 5324 | 3519 | 1513 | 3.1 |
| 7 | France | 5045 | 4342 | 1162 | 2.9 |
| 8 | Netherlands | 5005 | 4999 | 1001 | 2.9 |
| 9 | Malaysia | 4579 | 6089 | 752 | 2.7 |
| 10 | Belgium | 3713 | 4724 | 786 | 2.2 |
| 11 | other | 16851 | 41487 | -16394 | 9.8 |
| 12 | World Total | 172095 | 146914 | 1171 | 100 |

Source : ITC TradeMap


Top 10 Worlds Importers in 2018
90000
80000
70000
60000
50000
40000
30000
20000
10000
0
United States of America
Canada
United Kingdom
Taipei, Chinese
Japan
Singapore
France
Netherlands
Malaysia
Belgium
other
Value imported in 2018 (USD thousand)
Quantity imported in 2018


List of importing countries for the selected product in 2018
Product : 071430 Yams "Dioscorea spp.", fresh, chilled, frozen or dried, whether or not sliced or in the form of pellets
Greenland
Canada
United States of America
Mexico
Cuba
Peru
Brazil
Bolivia
Chile
Norway
Russian Federation
Ukraine
Kazakhstan
Mongolia
Italy
Spain
Turkey
China
Iraq
Pakistan
Algeria
Egypt
India
Mali
Niger
Chad
Sudan
Nigeria
Ethiopia
Angola
Australia
Imported value, USD thousand
N.A.
0 - 789 USD thousand
789 - 3,945 USD thousand
3,945 - 7,890 USD thousand
7,890 - 15,780 USD thousand
15,780 - 39,451 USD thousand
> 39,451 USD thousand

၁။ ၂၀၁၈ခုနှစ်တွင် (HS-Code **071430**) ဝဥအားအများဆုံး တင်သွင်းခဲ့သော ကမ္ဘာ့ထိပ်တန်း ၁၀နိုင်ငံမှာ အမေရိကန်၊ ကနေဒါ၊ အင်္ဂလန်၊ တိုင်ပေ (တရုတ်) ၊ ဂျပန်၊ စင်ကာပူ၊ ပြင်သစ်၊ နယ်သာလန်စ်၊ မလေးရှား၊ ဘယ်လဂျီယမ်တို့ဖြစ်ကြသည်ကို ITC Trade Map အရသိရှိရသည်။ အမေရိကန်၏ ၂၀၁၈ ခုနှစ် သွင်းကုန်တန်ဖိုး စုစုပေါင်းမှာ ကန်ဒေါ်လာ ၇၈ဒသမ ၉၀၃ သန်းရှိပြီး ကမ္ဘာ့ဝဥဈေးကွက်၏ ဈေးကွက်ဝေစု ၄၅ ဒသမ ၈ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် ကနေဒါကသွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၂၃ ဒသမ ၉၃၂ သန်းဖိုး တင်သွင်း၍ ဈေးကွက်ဝေစု ၁၃ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ အင်္ဂလန်က ကန်ဒေါ်လာ ၁၁ ဒသမ ၄၃၆ သန်းဖိုးတင်သွင်း၍ ဈေးကွက်ဝေစု ၆ ဒသမ ၆ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။ အလားတူ တိုင်ပေ (တရုတ်)၊ ဂျပန်၊ စင်ကာပူ၊ ပြင်သစ်၊ နယ်သာလန်စ်၊ မလေးရှား၊ ဘယ်လဂျီယမ်တို့က အစဉ်လိုက်ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့ဝဥ တင်သွင်းသည့်နိုင်ငံပေါင်း (၈၈) နိုင်ငံရှိပြီး ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံ၏ တစ်တန်ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် ဂျပန်က ဝယ်ယူသည့်ဈေးမှာ အမြင့်ဆုံးဖြစ်ပြီး တိုင်ပေ (တရုတ်)က ဒုတိယ၊ အမေရိကန်က တတိယ၊ စင်ကာပူက စတုတ္ထနှင့် ကနေဒါက ပဥ္စမတို့ဖြစ်ကြသည်။

**မြန်မာ့ ဝဥ တင်ပို့သည့် ထိပ်တန်း (၃) နိုင်ငံ (၂၀၁၈)**

**Fig 2: Top 3 Importers of Myanmar in 2018**

| Importer Countries | Value Imported in 2018 (US$,000) | Quantity Imported in 2018 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Japan | 22 | 2 | 11000 | 38.6 |
| China | 22 | 94 | 234 | 38.6 |
| Indonesia | 13 | 9 | 1444 | 22.8 |

Source : ITC TradeMap

၂။ ၂၀၁၈ခုနှစ်တွင် မြန်မာ့ဝဥအား အများဆုံး တင်ပို့ရောင်းချခဲ့သည့်နိုင်ငံများမှာ ITC Trade Map အရ ဂျပန်၊ တရုတ်၊ အင်ဒိုနီးရှားတို့ဖြစ်ကြသည်။

## ၂၀၁၄ခုနှစ်မှ ၂၀၁၈ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံကပြည်ပသို့ ဥတင်ပို့မှု

၃။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ဥ တင်ပို့မှု ပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ ဥ
တင်ပို့မှုတန်ဖိုးပြဇယား

**Fig 3: List of exporters for the selected product**

**Product: 071430 Yams "Dioscorea spp.", fresh, chilled, frozen or dried, whether or not sliced**

Unit : US Dollar thousand

| NO | Exporters | Exported value in 2014 | Exported value in 2015 | Exported value in 2016 | Exported value in 2017 | Exported value in 2018 |
|---|---|---|---|---|---|---|
| 1 | Jamaica | 22115 | 19406 | 25866 | 29504 | 29472 |
| 2 | Japan | 22834 | 21740 | 23568 | 22536 | 19635 |
| 3 | United States of America | 22182 | 20743 | 21896 | 21540 | 16868 |
| 4 | China | 46036 | 22223 | 29326 | 18281 | 16296 |
| 5 | Costa Rica | 17017 | 15466 | 13895 | 10520 | 10679 |
| 6 | Ghana | | | 15777 | 7547 | 8685 |
| 7 | Colombia | 1050 | 2659 | 3294 | 4789 | 8276 |
| 8 | Belgium | 723 | 1692 | 3428 | 3598 | 3674 |
| 9 | India | 2048 | 2475 | 2887 | 3981 | 3313 |
| 10 | Netherlands | 1608 | 2773 | 2664 | 2917 | 3301 |
| 11 | Myanmar | 6085 | 3810 | 3060 | 2127 | 57 |
| 12 | Other | 41026 | 36243 | 6301 | 7745 | 8516 |
| 13 | World Total | 182724 | 149230 | 151962 | 135085 | 128772 |

Source: ITC Trade Map

မှုရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၁၁) တွင်ရှိပါသည်။

၂၀၁၄ခုနှစ်မှ ၂၀၁၈ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ ဝဥတင်ပို့မှုပမာဏပြဇယား

**Fig 4: List of exporters for the selected product**

**Product: 071430 Yams "Dioscorea spp.", fresh, chilled, frozen or dried, whether or not sliced**

| No | Exporters | 2014 Exported quantity, Tons | 2015 Exported quantity, Tons | 2016 Exported quantity, Tons | 2017 Exported quantity, Tons | 2018 Exported quantity, Tons |
|---|---|---|---|---|---|---|
| 1 | Ghana | | | 20447 | 16255 | 17275 |
| 2 | United States of America | 17242 | 16591 | 17483 | 17063 | 13549 |
| 3 | Côte d'Ivoire | 0 | 10772 | 9990 | 11293 | 13043 |
| 4 | Jamaica | 10602 | 9130 | 12357 | 14578 | 11650 |
| 5 | Colombia | 972 | 2472 | 3347 | 6811 | 10439 |
| 6 | Costa Rica | 18089 | 14001 | 14540 | 12884 | 9291 |
| 7 | India | 5211 | 7070 | 7847 | 9199 | 8837 |
| 8 | China | 9220 | 8056 | 10039 | 8803 | 7867 |
| 9 | Japan | 5777 | 7114 | 6135 | 4662 | 5929 |
| 10 | Belgium | 1172 | 2665 | 3748 | 4044 | 4219 |
| 11 | Myanmar | 3334 | 2150 | 1537 | 1579 | 105 |
| 12 | Other | 34222 | 33598 | 6742 | 9199 | 9630 |
| 13 | World Total | 105841 | 113619 | 114212 | 116370 | 111834 |

Source: ITC Trade Map

မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၂၂) တွင်ရှိပါသည်။

၄။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်တွင် ဝဥတင်ပို့သောနိုင်ငံ ၇၆ နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့် တင်ပို့မှုတွင် အဆင့် ၂၂ နှင့် တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် ၃၀ နေရာများတွင်ရှိနေပါသည်။

**အာရှထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)**

**Fig 5: Top 10 Asia Importers in 2018**

| **Country** | **Value (in USD Thousand)** | Quantity (in Tons) | **Unit Value (USD/Unit)** | **Market Share %** |
|---|---|---|---|---|
| Taipei, Chinese | 11126 | 3240 | 3434 | 6.5 |
| Japan | 6181 | 1246 | 4961 | 3.6 |
| Singapore | 5324 | 3519 | 1513 | 3.1 |
| Malaysia | 4579 | 6089 | 752 | 2.7 |
| United Arab Emirates | 2278 | 7530 | 303 | 1.3 |
| Qatar | 741 | 851 | 871 | 0.4 |
| Pakistan | 675 | 788 | 857 | 0.4 |
| Bahrain | 416 | 651 | 639 | 0.2 |
| Oman | 385 | 1166 | 330 | 0.2 |
| Maldives | 224 | 86 | 2605 | 0.1 |

Source : ITC TradeMap

၅။ ၂၀၁၈ ခုနှစ်တွင် ဝဥကို အာရှနိုင်ငံများအနက် အများဆုံးဝယ်ယူလျက်ရှိသော နိုင်ငံများမှာ တိုင်ပေ(တရုတ်)၊ ဂျပန်၊ စင်ကာပူ၊ မလေးရှား၊ ယူအေအီး၊ ကာတာ၊ ပါကစ္စတန်၊ ဘာရိန်း၊ အိုမန်၊ မော်လဒိုက်တို့ဖြစ်ကြသည်။ တိုင်ပေ (တရုတ်) သည် ၂၀၁၈ ခုနှစ်တွင် သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ၁၁ ဒသမ ၁၂၆ သန်း ဖိုးနှင့် အရေအတွက် ၃၂၄၀ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ပြီး ဂျပန်က ကန်ဒေါ်လာ ၆


ဒသမ ၁၈၁ သန်းဖိုးနှင့် အရေအတွက် ၁၂၄၆ တန်ဖြင့် ဒုတိယအများဆုံး၊ စင်ကာပူက ကန်ဒေါ်လာ ၅ ဒသမ ၃၂၄ သန်းဖိုး၊ အရေအတွက် ၃၅၁၉ တန်ဖြင့် တတိယအများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရ သည်။ ထို့နောက် မလေးရှား၊ ယူအေအီး၊ ကာတာ၊ ပါကစ္စတန်၊ ဘာရိန်း၊ အိုမန်၊ မော်လဒိုက်တို့က အစဉ်လိုက်ရှိကြ သည်။


**ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)**

**Fig 6. Top 10 World exporters in 2018**

| Exporter Countries | Value Exported in 2018 (US$,000) | Quantity Exported in 2018(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Jamaica | 29472 | 11650 | 2530 | 22.7 |
| Japan | 19635 | 5929 | 3312 | 15.1 |
| United States of America | 16868 | 13549 | 1245 | 13 |
| China | 16296 | 7867 | 2071 | 12.5 |
| Costa Rica | 10679 | 9291 | 1149 | 8.2 |
| Ghana | 8685 | 17275 | 503 | 6.7 |
| Colombia | 8276 | 10439 | 793 | 6.4 |
| Belgium | 3674 | 4219 | 871 | 2.8 |
| India | 3313 | 8837 | 375 | 2.5 |
| Netherlands | 3301 | 2116 | 1560 | 2.5 |
| Myanmar | 57 | 105 | 543 | 0 |

Source : ITC TradeMap


Top 10 World Exporters in 2018
35000
30000
25000
20000
15000
10000
5000
0
Jamaica
Japan
United States of America
China
Costa Rica
Ghana
Colombia
Belgium
India
Netherlands
other
Value exported in 2018 (USD thousand)
Quantity exported in 2018


List of exporting countries for the selected product in 2018
Product : 071430 Yams "Dioscorea spp.", fresh, chilled, frozen or dried, whether or not sliced or in the form of pellets
Greenland
Canada
United States of America
Mexico
Cuba
Peru
Brazil
Bolivia
Chile
Norway
Russian Federation
Ukraine
Kazakhstan
Mongolia
Spain
Italy
Turkey
Iraq
China
Pakistan
India
Algeria
Egypt
Mali
Niger
Chad
Sudan
Nigeria
Ethiopia
Angola
Australia
Exported value, USD thousand
N.A.
0 - 295 USD thousand
295 - 1,474 USD thousand
1,474 - 2,947 USD thousand
2,947 - 5,894 USD thousand
5,894 - 14,736 USD thousand
> 14,736 USD thousand

၆။ ၂၀၁၈ ခုနှစ်တွင် ဝဥ(HS-Code **071430**)အားတင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ ဂျမေကာ၊ ဂျပန်၊ အမေရိကန်၊ တရုတ်၊ ကိုစတာရီကာ၊ ဂါနာ၊ ကိုလံဘီယာ၊ ဘယ်လဂျီယမ်၊ အိန္ဒိယ၊ နယ်သာလန်စ်တို့ဖြစ်ကြသည်။ ဂျမေကာက ကန်ဒေါ်လာ ၂၉ ဒသမ ၄၇၂ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၂၂ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကိုတွေ့ရသည်။ ဒုတိယနေရာရှိ ဂျပန်က ကန်ဒေါ်လာ ၁၉ ဒသမ ၆၃၅ သန်းဖိုး ရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၅ ဒသမ ၁ ရာခိုင်နှုန်း၊ တတိယနေရာရှိ အမေရိကန်က ကန်ဒေါ်လာ၁၆ ဒသမ ၈၆၈ သန်းဖိုးနှင့် ဈေးကွက်ဝေစု ၁၃ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် တရုတ်၊ ကိုစတာရီကာ၊ ဂါနာ၊ ကိုလံဘီယာ၊ ဘယ်လဂျီယမ်၊ အိန္ဒိယ၊ နယ်သာလန်စ်တို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေနှင့် ဂျပန်က ပထမ၊ ဂျမေကာက ဒုတိယ၊ တရုတ်က တတိယ၊ နယ်သာလန်စ်ကစတုတ္ထနှင့် အမေရိကန်က ပဉ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့ဝဥတင်ပို့သော နိုင်ငံ (၆၅) နိုင်ငံရှိပြီး မြန်မာနိုင်ငံက အဆင့်(၃၁) နေရာတွင်ရှိသည်။

## EU နိုင်ငံများမှ ဝဥတင်သွင်းမှု

၇။ ၂၀၁၈ ခုနှစ်တွင် ဝဥအများဆုံး တင်သွင်းခဲ့သော EU ထိပ်တန်း (၅) နိုင်ငံမှာ အင်္ဂလန်၊ ပြင်သစ်၊ နယ်သာလန်စ်၊ ဘယ်လဂျီယမ်၊ အီတလီတို့ဖြစ်ကြပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ (၅) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် (၂) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**Fig 7. Top Five EU Importers with the Biggest Growth in value Between 2014 and 2018**

| Importers | Annual growth in value between 2014-2018 (%) | Annual growth in value between 2017-2018 (%) |
|---|---|---|
| United Kingdom | -3 | 0 |
| France | -4 | 16 |
| Netherlands | 4 | 34 |
| Belgium | 42 | 5 |
| Italy | -9 | -8 |

source : ITC Trade Map

၈။ ဝဥအများဆုံး တင်သွင်းသောEUထိပ်တန်း (၅) နိုင်ငံ၏ ၂၀၁၈ခုနှစ်အတွက် တင်သွင်းမှုပမာဏနှင့်တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစု အခြေအနေများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည် –

Fig 8. Top Five Yams Importers of EU in 2018

| Importers | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2018 (USD thousand) | Quantity imported in 2018 | Unit value (USD/unit) | Share in world imports (%) |
| European Union (EU 28) Aggregation | 28391 | 29265 | 970 | 16.5 |
| United Kingdom | 11436 | 12819 | 892 | 6.6 |
| France | 5045 | 4342 | 1162 | 2.9 |
| Netherlands | 5005 | 4999 | 1001 | 2.9 |
| Belgium | 3713 | 4724 | 786 | 2.2 |
| Italy | 1407 | 1169 | 1204 | 0.8 |

source : ITC Trade Map

၉။ ၂၀၁၈ခုနှစ်တွင် EUနိုင်ငံများအနေနှင့် ဝဥတင်သွင်းမှုပမာဏသည် ၂၉၂၆၅ တန် ဖြစ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၂၈ဒသမ ၃၉၁ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ၁၆ ဒသမ ၅ ရာခိုင်နှုန်းဈေးကွက်ဝေစုရယူထားပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

၁၀။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် ဂျပန်က MFN duties သုညဒသမ ၁၂ ရာခိုင်နှုန်း ASEAN Countries နှင့် LDC Countries တို့အတွက် သုညရာခိုင်နှုန်း၊ တရုတ်က MFN duties သုညဒသမ ၁၃ ရာခိုင်နှုန်း၊ ASEAN Countries နှင့် LDC Countries တို့အတွက် သုညရာခိုင်နှုန်း၊ အင်ဒိုနီးရှားနှင့် မလေးရှားက MFN duties သုညဒသမ ဝ၅ ရာခိုင်နှုန်း ၊ AANZFTA နှင့် ASEAN Countries တို့အတွက် သုညရာခိုင်နှုန်း၊ အမေရိကန်က MFN duties သုညဒသမ ဝ၆၄ ရာခိုင်နှုန်း၊ GSP Countries အတွက် သုညရာခိုင်နှုန်း၊ ထိုင်းက MFN duties သုညဒသမ ၃ ရာခိုင်နှုန်း၊

AANZFTA, ASEAN, LDC Countriesတို့အတွက် သုညရာခိုင်နှုန်း၊ အင်္ဂလန်၊ ပြင်သစ်၊ နယ်သာလန်စ်၊ ဘယ်လဂျီယမ်၊ အီတလီတို့က MFN duties ၁၀၀ကီလိုဂရမ်ကို၉ဒသမ ၅ယူရို နှုန်း၊ LDC Countries အတွက် သုညရာခိုင်နှုန်းသတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

**Tariff Rate of Yams**

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| Japan | MFN duties (Applied) | 0.12 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for Least Developed Countries | 0 |
| China | MFN duties (Applied) | 0.13 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for Least Developed Countries | 0 |
| Indonesia | MFN duties (Applied) | 0.05 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| Malaysia | MFN duties (Applied) | 0.05 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| USA | MFN duties (Applied) | 0.064 |
| | Preferential tariff for GSP countries | 0 |
| Thiland | MFN duties (Applied) | 0.3 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for Least Developed Countries | 0 |
| United Kingdom | MFN duties (Applied) | 9.5 EUR/100 kg |
| | Preferential tariff for Least Developed Countries | 0 |
| France | MFN duties (Applied) | 9.5 EUR/100 kg |
| | Preferential tariff for Least Developed Countries | 0 |
| Netherlands | MFN duties (Applied) | 9.5 EUR/100 kg |
| | Preferential tariff for Least Developed Countries | 0 |
| Belgium | MFN duties (Applied) | 9.5 EUR/100 kg |
| | Preferential tariff for Least Developed Countries | 0 |
| Italy | MFN duties (Applied) | 9.5 EUR/100 kg |
| | Preferential tariff for Least Developed Countries | 0 |

Source: Market Access Map

## အလားအလာရှိသော ဈေးကွက်တစ်ခုစီလေ့လာချက်

### ဂျပန် ဈေးကွက်

Fig 9 : Top 4 world exporters to Japan in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 4513 | 1030 | 4382 | 89.3 |
| Viet Nam | 515 | 0 | | 10.2 |
| Myanmar | 22 | 2 | 11000 | 0.4 |
| Ghana | 3 | 5 | 600 | 0.1 |

Source : ITC Trade Map

### တရုတ် ဈေးကွက်

Fig 10: Top 1 world exporters to China in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Myanmar | 22 | 94 | 234 | 100 |

Source : ITC Trade Map

အင်ဒိုနီးရှား ဈေးကွက်

Fig 11: Top 2 world exporter to Indonesia in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 57 | 23 | 2478 | 73.1 |
| Myanmar | 21 | 9 | 2333 | 26.9 |

Source : ITC Trade Map

မလေးရှား ဈေးကွက်

Fig 12: Top 10 world exporter to Malaysia in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 3334 | 2469 | 1350 | 72.8 |
| Thailand | 562 | 2324 | 242 | 12.3 |
| Indonesia | 476 | 1180 | 403 | 10.4 |
| Japan | 140 | 41 | 3415 | 3.1 |
| Viet Nam | 29 | 23 | 1261 | 0.6 |
| Bangladesh | 18 | 12 | 1500 | 0.4 |
| India | 12 | 20 | 600 | 0.3 |
| United Arab Emirates | 8 | 19 | 421 | 0.2 |
| Taipei, Chinese | 1 | 1 | 1000 | 0 |
| Hong Kong, China | 1 | 0 | | 0 |

Source : ITC TradeMap

ထိုင်း ဈေးကွက်

Fig 13: Top 2 world exporter to Thiland in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Japan | 101 | 16 | 6313 | 68.2 |
| China | 47 | 42 | 1119 | 31.8 |

Source : ITC TradeMap

အမေရိကန်ဈေးကွက်

Fig 14: Top 10 world exporter to United States of America in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Jamaica | 25999 | 9771 | 2661 | 33 |
| Ghana | 14355 | 9942 | 1444 | 18.2 |
| Colombia | 10122 | 10696 | 946 | 12.8 |
| Costa Rica | 9836 | 6913 | 1423 | 12.5 |
| Japan | 8316 | 2689 | 3093 | 10.5 |
| Brazil | 5628 | 3838 | 1466 | 7.1 |
| China | 2632 | 2245 | 1172 | 3.3 |
| India | 575 | 158 | 3639 | 0.7 |
| Philippines | 539 | 207 | 2604 | 0.7 |
| Dominican Republic | 284 | 229 | 1240 | 0.4 |

Source : ITC TradeMap

## နယ်သာလန်စ် ဈေးကွက်

Fig 15: Top 10 world exporter to Netherlands in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Ghana | 3614 | 4047 | 893 | 72.2 |
| China | 471 | 226 | 2084 | 9.4 |
| Brazil | 315 | 228 | 1382 | 6.3 |
| Belgium | 233 | 228 | 1022 | 4.7 |
| Italy | 124 | 107 | 1159 | 2.5 |
| Spain | 107 | 87 | 1230 | 2.1 |
| Costa Rica | 38 | 27 | 1407 | 0.8 |
| Viet Nam | 35 | 15 | 2333 | 0.7 |
| France | 25 | 8 | 3125 | 0.5 |
| Nigeria | 12 | 12 | 1000 | 0.2 |

Source : ITC TradeMap

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံး ဈေးကွက်များ ရွေးချယ်ခြင်း

၁၁။ ကမ္ဘာပေါ်တွင် ဝဥအများဆုံး တင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် အမေရိကန်သည် ကမ္ဘာ့ဝဥအများဆုံး ဝယ်ယူသော နိုင်ငံဖြစ်ပြီး၊ တစ်ကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၄၅ ဒသမ ၈ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယ ကနေဒါက ဈေးကွက်ဝေစု ၁၃ ဒသမ ၉ ရာခိုင်နှုန်း၊ တတိယအင်္ဂလန်က ဈေးကွက်ဝေစု ၆ ဒသမ ၆ ရာခိုင်နှုန်း ရရှိနေသည်။ မြန်မာနိုင်ငံမှ ဝဥများကို ယခုလက်ရှိအချိန်တွင် အများဆုံးတင်ပို့နေသော နိုင်ငံများမှာ ဂျပန်၊ တရုတ်၊ အင်ဒိုနီးရှားတို့ဖြစ်

ကြောင်း ITC Trade Data အရသိရသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့ဝဥကို အများဆုံးဝယ်ယူသော နိုင်ငံမှာ ဂျပန်ဖြစ်ပြီး ဈေးကွက်ဝေစု ၃၈ ဒသမ ၆ ရာခိုင်နှုန်းရရှိနေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ပို့ကုန်ထိပ်တန်းစာရင်း မဝင်သော်လည်း တရုတ်သို့ တင်ပို့မှုတွင် အဆင့် ၁ ၊ အင်ဒိုနီးရှားသို့ တင်ပို့မှုတွင် အဆင့် ၂ ၊ ဂျပန်သို့တင်ပို့မှုတွင် အဆင့် ၃ နေရာများတွင် စာရင်းဝင်လျက်ရှိသည်။ ဂျပန်သည် ကမ္ဘာ့ဝယ်လိုအား ထိပ်တန်းနှင့် အာရှထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ တရုတ်နှင့် အင်ဒိုနီးရှား တို့သည် အာရှနိုင်ငံများဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၁၇-၂၀၁၈ နှစ်နှစ်အတွင်းတင်သွင်းမှု ရာခိုင်နှုန်းမြင့်လာခြင်းတို့ကြောင့် လက်ရှိဈေးကွက် ဂျပန်၊ တရုတ်၊ အင်ဒိုနီးရှားတို့သို့ ဈေးကွက် ပိုမိုတိုးချဲ့သင့်ပါသည်။ အမေရိကန်သည် ကမ္ဘာ့ဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ နယ်သာလန်စ် သည်ကမ္ဘာ့ဝယ်လိုအားနှင့် အီးယူဝယ်လိုအား ထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ မလေးရှားသည် ကမ္ဘာ့ ဝယ်လိုအားထိပ်တန်းနှင့် အာရှထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ ထိုင်းသည် အာရှနိုင်ငံဖြစ်ခြင်း၊ အခွန် နည်းပါးခြင်း၊ ၂၀၁၇-၂၀၁၈ နှစ်နှစ် အတွင်းတင်သွင်းမှု ရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံများသို့ တင်ပို့မှုတွင် မြန်မာမပါဝင်သေးခြင်းတို့ကြောင့် အမေရိကန်၊ နယ်သာလန်စ်၊ မလေးရှား၊ ထိုင်း တို့သို့ဈေးကွက်ထိုးဖောက်သင့်ပါသည်။